ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၁၇(ဃ) }
ခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် ( ၄ / ၂၀၂၃ )

| | |
|---|---|
| ဦးကျော်ကျော်ဆန်း ( အလုပ်သမား )<br>အမှတ်(၁၀၆)၊ ဒညင်းကုန်းမြောက်ပိုင်း၊<br>အင်းစိန်မြို့နယ်။<br>၀၉ - ၇၇၈ ၈၄၅ ၀၈၃ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဒေါ်အိအိရွှေ ( အလုပ်ရှင် )<br>မြန်မာအရှေ့တိုင်း(ကွန်ပျူတာပန်းထိုး)လုပ်ငန်း<br>အမှတ်(၄၂/၁၄၅)၊ စက်မှု(၅)လမ်း၊ စက်မှုဇုန်(၁)၊<br>ရွှေပြည်သာမြို့နယ်။<br>၀၉ - ၄၅၇ ၈၃၄ ၄၈၂ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၃ ခု နှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှု(၅)လမ်း၊ အမှတ် (၄၂/၁၄၅)ရှိ အလုပ်ရှင် ဒေါ်အိအိရွှေ ပိုင်ဆိုင်လုပ်ကိုင်သော မြန်မာအရှေ့တိုင်း (ကွန်ပျူတာပန်းထိုး)လုပ်ငန်းနှင့် အလုပ်သမား ဦးကျော်ကျော်ဆန်းတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်လာသဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

CamScanner

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှု(၅)လမ်း၊ အမှတ်(၄၂/ ၁၄၅)ရှိ အလုပ်ရှင် ဒေါ်အိအိရွှေ ပိုင်ဆိုင်လုပ်ကိုင်သော မြန်မာအရှေ့တိုင်း (ကွန်ပျူတာပန်းထိုး)လုပ်ငန်းမှ အလုပ်သမား ဦးကျော်ကျော်ဆန်းသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် အလုပ်ထွက်ချင်သည်ဟု ပြောခဲ့ခြင်းနှင့် ၎င်း၏ (၁၂/၂၀၂၂)လစာထဲမှ ဖြတ်တောက်ထားသည့် ငွေကြေးကိစ္စအား သက်ဆိုင်ရာဌာနသို့ တိုင်ကြားခြင်းတို့အပေါ် ကျေနပ်မှုမရှိ၍ ဒီဇိုင်နာနည်းပညာရှင် တရုတ်သူဌေးမှ အလုပ်မှမလိုအပ်ကြောင်း ဝန်ထမ်းအသစ်အဖြစ်လည်း လက်မခံနိုင်တော့ကြောင်းပြောခဲ့သည့်အတွက် ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၅)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း အလုပ်ရှင်မှ ဥပဒေနှင့်အညီ နစ်နာကြေးမပေးနိုင်ပါကြောင်း၊ ဂရုဏာကြေးအဖြစ်ငွေ ကျပ် (၁၀)သိန်းပေးမည်ဟုပြောခဲ့ရာ အလုပ်သမားမှ ငွေ ကျပ် (၁၃)သိန်းရရှိမှသာ လက်ခံမည်ဟုပြောသဖြင့် ပြေလည်မှုမရရှိသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ အလုပ်သမား ဦးကျော်ကျော်ဆန်းအား ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်သမား ဦးကျော်ကျော်ဆန်းမှ ထွက်ဆိုရာတွင် ၎င်းသည် မြန်မာအရှေ့တိုင်း(ကွန်ပျူတာပန်းထိုး)လုပ်ငန်း၌ ၅-၁၁-၂၀၁၉ ရက်နေ့မှ စတင်ဝင်ရောက်ပြီး ဒီဇိုင်နာကွန်ပျူတာပန်းထိုးအဖြစ် လစာပုတ်ပြတ်ငွေ ကျပ် ၅၅၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်) ချုပ်ဆိုထားမှု မရှိပါကြောင်း ၂၀၁၉ ခုနှစ်မှစ၍ ယနေ့အထိ အလုပ်ရှင်မှ လုပ်ငန်းစည်းကမ်းချက်ဖြင့် အပြစ်ပေးအရေးယူခံရခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါကြောင်း၊ သာမန်ကိစ္စနှင့် နားရက်ပိုနားခြင်းကိစ္စတို့အတွက်ဒဏ်ကြေးဖြင့်သာ အပြစ်ပေးခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ ၃-၁-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းပြီးဆုံး၍ အိမ်ပြန်သွားပြီး (၆)နာရီကျော်ခန့်၌ ဖုန်းဆက်၍ လစာထုတ်ရန် ပြောခဲ့သဖြင့် စက်ရုံသို့ သွားရောက်ခဲ့ရာ လစာထဲတွင် ကရင်နှစ်သစ်ကူးရက်နေ့နှင့် ခရစ္စမတ်နေ့ (၂)ရက်အတွက် ဖြတ်တောက်ထားပြီး နားရက်ပိုသည့်အတွက်ဒဏ်ကြေးငွေ ကျပ် ၁၀,၀၀၀/- ဖြတ်ထားသဖြင့် လစာမထုတ်ခဲ့ဘဲ သက်ဆိုင်ရာ အလုပ်သမား

ရုံးသို့ တိုင်ကြားခဲ့ပါကြောင်း၊ ၅-၁-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် စက်ရုံမှ စူပါ ဒေါ်စန်းစန်းဝင်းရောက်ရှိလာပြီး တာဝန်ခံအရာရှိမှ ဖြေရှင်းညှိနှိုင်းပေးခဲ့ရာ ပြေလည်ခဲ့ပါကြောင်း၊ ၆-၁-၂၀၂၃ ရက်နေ့တွင် စက်ရုံသို့ အလုပ်ပြန်ဝင်ရန် သွားရောက်သည့်အခါ စူပါ ဒေါ်စန်းစန်းဝင်းမှ ကွန်ပျူတာစက်မဖွင့်ရန် တားခဲ့ပါကြောင်း၊ ထိုအချိန်တွင် ဒီဇိုင်နာနည်းပညာရှင် တရုတ်သူဌေးက လုပ်ငန်းခွင်မှ ထွက်ရန်ပြောခဲ့ပါကြောင်း၊ (၁၅) မိနစ်ခန့်အကြာတွင် စကားပြန်ရောက်ရှိလာပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တိုင်ကြားသည့်ကိစ္စအား အပြစ်ပြောခဲ့ပါကြောင်း၊ တရုတ်သူဌေးမှ အလုပ်မှ မလိုအပ်ကြောင်းနှင့် အစားထိုးခန့်ထားပြီးဖြစ်ကြောင်း ပြောခဲ့သဖြင့် အလုပ်ထုတ်စာ တောင်းခဲ့သော်လည်း မပေးခဲ့ပါကြောင်း၊ (၁၂/၂၀၂၂)လဆန်းပိုင်းလောက်မှစ၍ အလုပ်ထွက်ချင်သည်ဟု ပြောခဲ့ရာ တရုတ်သူဌေးမှ အလုပ်မထွက်ရန် တားခဲ့ပါကြောင်း၊ ၃-၁-၂၀၂၃ ရက်နေ့နှင့် ၅-၁-၂၀၂၃ ရက်နေ့တို့တွင် အလုပ်ထွက်ချင်သည်ဟု မပြောခဲ့ပါကြောင်း၊ ၆-၁-၂၀၂၃ ရက်နေ့တွင် အလုပ်ထုတ်စာမပေးခဲ့သဖြင့် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း၊ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်ရှင်က ဥပဒေနှင့်အညီ နစ်နာကြေးမပေးနိုင်ပါ၊ ဂရုဏာကြေးငွေ ကျပ်(၁၀)သိန်းသာ ပေးမည်ကို ကျွန်တော်မှငွေ ကျပ်(၁၃)သိန်း တောင်းခံခဲ့ခြင်းကြောင့် ပြေလည်မှုမရရှိ၍ ခုံသမာဓိအဖွဲ့သို့ တက်ရောက်ခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ အလုပ်ရှင် ဒေါ်အိအိရွှေမှ ထွက်ဆိုတင်ပြရာတွင် မြန်မာအရှေ့တိုင်း (ကွန်ပျူတာပန်းထိုး)လုပ်ငန်းကို ၁-၄-၂၀၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကွန်ပျူတာပန်းထိုးလုပ်ငန်းတွင် ကျား(၁)၊ မ(၁၀)၊ စုစုပေါင်း လုပ်သားအင်အား(၁၁)ဦးဖြင့် လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်) ချုပ်ဆိုခြင်း မရှိခဲ့ပါကြောင်း၊ ယခုအငြင်းပွားသူ ဦးကျော်ကျော်ဆန်းအား ၂၀၁၉ ခုနှစ်တွင် အလုပ်စတင်ခန့်ခဲ့ပြီး ဒီဇိုင်နာကွန်ပျူတာပန်းထိုးအဖြစ် ပုတ်ပြတ်လစာငွေ ကျပ် ၅၅၀,၀၀၀/- ဖြင့် ခန့်ထားခဲ့ပါကြောင်း၊ အလုပ်သမားအား လုပ်ငန်းခွင်စည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူမှုဖြင့် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း မရှိခဲ့ပါကြောင်း၊ သာမန်ကိစ္စရပ်များနှင့် နားရက်(၄)ရက်ထက်ပိုနားခဲ့လျှင် ဒဏ်ကြေးပေးဆောင်မှုဖြင့် အပြစ်ပေးအရေးယူမှုသာရှိခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ အလုပ်သမား ဦးကျော်ကျော်ဆန်းသည် ၃-၁-၂၀၂၃ ရက်နေ့တွင် လစာထဲမှ ငွေဖြတ်တောက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ အလုပ်သမားရုံးသို့ တိုင်ကြားခဲ့ခြင်းနှင့် ၃-၁-၂၀၂၃ ရက်နေ့နှင့် ၅-၁-၂၀၂၃ ရက်နေ့တို့တွင် နှုတ်ဖြင့် အလုပ်မှထွက်ချင်သည်ဟု ပြောခဲ့သည့်အတွက် ၆-၁-၂၀၂၃ ရက်နေ့တွင် လစာထုတ်သည့်အချိန်တွင် ဝန်ထမ်းသစ်အဖြစ် လက်မခံနိုင်ဟု ပြောခဲ့ပါကြောင်း၊ နှုတ်ဖြင့် အလုပ်မှထွက်ချင်သည်ဟု ပြောခြင်းသည် မိမိသဘောဖြင့် အလုပ်မှ နှုတ်ထွက်သည့်သဘောဖြစ်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်သမား ဦးကျော်ကျော်ဆန်းပြောသည့် တရုတ်သူဌေးသည် ဒီဇိုင်နာနည်းပညာရှင်တစ်ဦးဖြစ်ပြီး အော်ဒါများရှာပေးခြင်းနှင့် ဒီဇိုင်းများ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပေးသည့် ပညာရှင်ဖြစ်ပါကြောင်း၊ အလုပ်ရှင်မှာ ကျွန်မ ဒေါ်အိအိရွှေသာဖြစ်ပါကြောင်းနှင့် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ဂရုဏာကြေး ကျပ်(၁၀) သိန်းပေးမည်ဟု ပြောခဲ့ပါကြောင်း၊ ယခု ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ပေးရန်ဆန္ဒမရှိပါကြောင်း၊ မိမိသဘောဖြင့် နှုတ်ထွက်သွားသည့်အတွက် ဥပဒေနှင့်အညီနစ်နာကြေးပေးရန် ဆန္ဒမရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၉။ မြန်မာအရှေ့တိုင်း(ကွန်ပျူတာပန်းထိုး)လုပ်ငန်းသည် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ လူဦးရေ(၁၁)ဦးဖြင့် လုပ်ကိုင်လျက်ရှိပြီး အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်) ချုပ်ဆိုခြင်း မရှိပါ၊ အလုပ်သမား ဦးကျော်ကျော်ဆန်းအား ၅-၁-၂၀၁၉ ရက်နေ့မှစ၍ ဒီဇိုင်နာကွန်ပျူတာပန်းထိုးအဖြစ် ပုတ်ပြတ်လစာငွေ ကျပ် ၅၅၀,၀၀၀/- ဖြင့်ခန့်ထားခဲ့ကြောင်း၊ ယနေ့အထိ လုပ်ငန်းစည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူခံရခြင်း၊ ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိကြောင်း၊ သာမန်ကိစ္စရပ်များနှင့် သတ်မှတ်နားရက်ထက် ပိုနားသည့်အတွက် ဒဏ်ကြေးအဖြစ်သာ အပြစ်ယူမှုရှိခဲ့သည်မှာ မှန်ကန်ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ မိမိသဘောဖြင့် အလုပ်မှနှုတ်ထွက်ခြင်းသည် ကိုယ်တိုင်နှုတ်ထွက်စာ (Resign) တရားဝင်တင်ခြင်းနှင့် အလုပ်ကို (၃)ရက်ဆက်တိုက် မလာခြင်းတို့ဖြင့် သတ်မှတ်ရမည်ဖြစ်ပါသည်။ ယခုဖြစ်ပွားသည့် အငြင်းပွားမှုတွင် လုပ်ငန်းခွင်အတွင်း နှုတ်ဖြင့်သာ အလုပ်ထွက်ချင်သည်ဟု ပြောခြင်းဖြစ်ပြီး တရားဝင်စာတင်ခြင်းမဟုတ်သဖြင့် မိမိသဘောဖြင့် အလုပ်မှ နှုတ်ထွက်သည်

ဟု သတ်မှတ်၍ မရကြောင်း သုံးသပ်ရရှိပါသည်။

၁၁။ အလုပ်ရှင်အနေဖြင့် အလုပ်သမားမှ အလုပ်မှ ထွက်ချင်သည်ဟုပြောသည့်အခါ စာဖြင့် ကိုယ်တိုင်လက်မှတ်ရေးထိုးတင်ပြရန် ပြောကြားရမည်ဖြစ်ပြီး အလုပ်သမားသည် ၆-၁-၂၀၂၃ ရက်နေ့ မတိုင်ခင်အထိ လုပ်ငန်းခွင်သို့လာပြီး သက်ဆိုင်ရာတာဝန်ခံများဖြင့် ဆွေးနွေးပြောကြားနေခြင်းသည် အလုပ်မှနှုတ်ထွက်ခြင်း မဟုတ်သည်ကို ဝန်ထမ်းအဖြစ် လက်မခံနိုင်ကြောင်း ပြောခြင်းသည် အလုပ်မှရပ်စဲသည်ဟု မှတ်ယူနိုင်နိုင်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ အလုပ်သမား ဦးကျော်ကျော်ဆန်းသည် ၂၀၁၉ ခုနှစ် အလုပ်ဝင်စဉ်ကတည်းက လုပ်ငန်းစည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူမှု ဝန်ခံကတိလက်မှတ်ရေးထိုးထားခြင်း မရှိသည့်အပြင် မိမိသဘောဖြင့် စာတင်ပြီး နှုတ်ထွက်ခြင်း မဟုတ်သည့်အတွက် အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် လိုအပ်ပါသည်။ ထို့ပြင် အလုပ်မှထုတ်ပယ်စာပေးခြင်း၊ အင်အားလျှော့ခြင်း မဟုတ်ဘဲ လစာထဲမှ ငွေဖြတ်တောက်ထားသည့်ကိစ္စအား သက်ဆိုင်ရာ အလုပ်သမားရုံးများသို့ တိုင်ကြားမှုနှင့် နှုတ်ဖြင့် အလုပ်ထွက်ချင်သည်ဟု ပြောသည့်ကိစ္စတို့ အငြင်းပွားမှုဖြစ်သည်အတွက် နို့တစ်ကြေးပေးရန် မလိုကြောင်း သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက် ။ အလုပ်သမား ဦးကျော်ကျော်ဆန်းအား အလုပ်သမားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် အောက်ပါအတိုင်း ဆုံးဖြတ်သည် -

| စဉ် | အမည် | လစာ | အလုပ်စတင်ဝင်ရောက်သည့် ရက်စွဲ | အလုပ်ထုတ်ပယ်သည့် ရက်စွဲ | လုပ်သက် | နစ်နာကြေး စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ဦးကျော်ကျော်ဆန်း | ၅၅၀,၀၀၀ | ၅-၁၁-၂၀၁၉ | ၆-၁-၂၀၂၃ | ၃နှစ် ၂လ | ၅၅၀,၀၀၀ × ၃ = ၁,၆၅၀,၀၀၀ |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၃။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

CamScanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

CamScanner